ကိုလိုနီခေတ် ရှမ်းပြည်သူတို့အား
နိုင်ငံရေးမျက်စိဖွင့်ပေးခဲ့သော

# ပအိုဝ်းအမျိုးသား
# သထုံ(ဆီဆိုင်)စော်ဘွား
# စဝ်ခွန်ကြည်

ဦးထွန်းမြင့်(တောင်ကြီး)



ကျွန်တော်တို့ နည်းဗျူဟာအရ ရှမ်းပြည်နယ်လွတ်လပ်ရေးတိုက်ပွဲမှာ စော်ဘွားတွေထဲက ပါနိုင်သမျှပါအောင် သိမ်းသွင်းရမယ်လို့ ချမှတ်ထားပါတယ်။ ဒါကြောင့် စော်ဘွားတွေထဲမှာလည်း ကျွန်တော်တို့နဲ့ နီးစပ်ပြီး တိုးတက်တဲ့လက္ခဏာရှိတဲ့သထုံမြို့စား စဝ်ခွန်ကြည်နဲ့မိုင်းပွန်စော်ဘွားစဝ်စံထွန်းနှစ်ဦးစလုံးဟာ ကျွန်တော်တို့နဲ့ အနီးကပ်ဆုံးနေထိုင်ကြပြီး အတွေ့ရအလွယ်ဆုံးပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ စဝ်ခွန်ကြည်ဟာ မိသားစုနဲ့အတူ တောင်ကြီးမြို့မှာ အမြဲနေထိုင်တဲ့အတွက် ကျွန်တော်တို့ တွေ့ရတာ ပိုလွယ်ပါတယ်။

စဝ်ခွန်ကြည်ဟာ ရှမ်းပြည်နယ် လက်စွဲဥပဒေအရ မြို့စားတစ်ဦးဖြစ်ပါတယ်။ သထုံ(ဆီဆိုင်)နယ်ဟာ စတုရန်းမိုင် ၅၀၀–ခန့်သာ ရှိတဲ့အတွက် မြို့စားအဖြစ်အုပ်စိုးတဲ့နယ်ကလေးဖြစ်ပါတယ်။ စဝ်ခွန်ကြည်ကို ကျွန်တော်တို့က သထုံခွန်ကြည်လို့ အခေါ် နှုတ်ကျိုးနေပါတယ်။ သထုံခွန်ကြည်ဟာ အင်းစိန်စက်မှုသိပ္ပံကျောင်းက အင်ဂျင်နီယာအောင်ထားသူဖြစ်ပါတယ်။ နယ်ရှင်စော်ဘွားတွေထဲမှာ ခေတ်ပညာတတ်တစ်ယောက်ဆိုရင် မမှားပါဘူး။ အင်္ဂလိပ်စကား အလွန်အပြောကောင်းပြီး အင်္ဂလိပ်အရာရှိတွေကို ပြန်လှန်ပြောရဲဆိုရဲရှိတယ်လို့ သိရပါတယ်။ အတွေးအခေါ် လည်း ခေတ်မီတယ်။ အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်ကြီးကြီး၊ အင်္ဂရုပ်အလွန်ခံ့ညား

E-book is created by www.shanyoma.org

ပါတယ်။ ပေါင်းသင်းဆက်ဆံရေးလည်း အလွန်ရည်မွန်သူဖြစ်ပါတယ်။ သထုံနယ်ဟာ လူဦးရေ ၁၅၀၀၀–လောက်ပဲ ရှိလို့ လူခွန်၊ မြေခွန်အရနည်းပါတယ်။ နယ်ရှင်လစာလည်း နည်းပါတယ်။ ဒါကြောင့် သထုံခွန်ကြည်ဟာ တစ်ဖက်က စီးပွါးရေးလုပ်ငန်းတွေလည်း လုပ်ပါတယ်။ သစ်လုပ်ငန်း၊ စပါးလုပ်ငန်းအပြင် တစ်ဖက်က သတ္တုလည်း လုပ်ပါတယ်။ စစ်မဖြစ်မီက တောင်ကြီးမြို့ အလယ် မင်းလမ်းမကြီးပေါ်မှာရှိတဲ့ သူ့ဟော်ဟာ နှစ်ထပ်တိုက်ကြီးဖြစ်ပါတယ်။ အောက်ထပ်အခန်းတွေကို ဆိုင်ကယ်မတ်ခေါ် ကုလားပိုင်ကုန်ပဒေသာဆိုင်ကို ငှားထားပါတယ်။ သူ့ရဲ့အနောက်ဘက်မှာ ဇမ္ဗူလရုပ်ရှင်ရုံကိုလည်း ပိုင်ပါတယ်။ မော်လမြိုင်မြို့က သစ်ကုန်သည်သူဌေးကြီးဦးတိုးလုံရဲ့သမီး ဒေါ်အေးသန့်နဲ့အိမ်ထောင်ကျထားလို့ သထုံခွန်ကြည်ဟာ ချမ်းသာတဲ့နယ်ရှင်တစ်ဦးဖြစ်ပါတယ်။ ရှေးအခါက တိုင်းရေးပြည်ရေးလို့ခေါ်တဲ့နိုင်ငံရေးကို ဝါသနာပါသူ ဖြစ်ပါတယ်။

သထုံခွန်ကြည်ဟာ သူ့ရဲ့နိုင်ငံရေးအယူအဆကို သူရေးတဲ့“ရှမ်းပြည်အမှားတော်ပုံ”စာအုပ်ကလေးမှာ တွေ့နိုင်ပါတယ်။ အဲဒီစာအုပ်ကို ၁၉၃၀–ခုနှစ်ဝန်းကျင်လောက်မှာ ရေးသားခဲ့သော်လည်း ၁၉၄၀–ခုနှစ်ရောက်မှ ထုတ်ဝေခဲ့ပါတယ်။ အဲဒီစာအုပ်မှာ သထုံခွန်ကြည်ရဲ့တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ကို တွေ့မြင်နိုင်ပါတယ်။

ရှမ်းပြည်နယ်မှာ သူတစ်နယ် ငါတစ်မင်း စိတ်ဝမ်းကွဲပြားနေတဲ့နယ်ရှင်စော်ဘွားတွေ အချင်းချင်း စည်းလုံးညီညွတ်ကြဖို့ လှုံ့ဆော်ထားတဲ့အပြင် ရှမ်းပြည်နယ်ကို အင်္ဂလိပ်လက်အောက်က လုံးဝလွတ်လပ်တဲ့နိုင်ငံအဖြစ် ရရှိရေးကိုလည်း တင်ပြထားပါတယ်။

ဒါကြောင့် ကျွန်တော်တို့က သထုံခွန်ကြည်ကို တိုးတက်တဲ့နယ်ရှင်စော်ဘွားတစ်ဦးအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်က ပြန်လာပြီးတဲ့တစ်နေ့မှာ ကိုတင်နေ့ကျွန်တော် သထုံခွန်ကြည်ဆီ သွားကြပါတယ်။ မင်းလမ်းမပေါ်မှာ ရှိတဲ့ သထုံဟော်နဲ့ဇမ္ဗူလရုပ်ရှင်ရုံဟာ စစ်အတွင်းက ဗုံးထိပြီးပျက်စီးသွားခဲ့တဲ့အတွက် သထုံခွန်ကြည်တို့မိသားစုဟာ စော်ဘွားလမ်းမှာရှိတဲ့ကုလားပိုင်တိုက်တစ်တိုက်အပေါ်ထပ်မှာ ငှားနေနေပါတယ်။ ကျွန်တော်တို့ သူ့တိုက်ပေါ်တက်သွားတဲ့အခါ သထုံခွန်ကြည်ဟာ စားပွဲဝိုင်းကလေးနဲ့ ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး ထမင်းစားနေပါတယ်။

ကျွန်တော်နဲ့ကိုတင်ဝေ ဝင်လာတာ မြင်တော့–

“ထိုင်ကြဦး၊ ထိုင်ကြဦး။ ကျွန်တော် အခုပဲ မိုင်းပွန်က ပြန်လာတယ်။ ခင်ဗျားတို့ ရောက်လာတာ အတော်ပဲ။ ထမင်းစားပြီးကြပြီလား”လို့ ပျူပျူငှာငှာ နှုတ်ဆက်ပါတယ်။ ကျွန်တော်တို့



E-book is created by www.shanyoma.org

က ထမင်းစားပြီးခဲ့ကြောင်း ပြောပြတော့–

"ဒါဖြင့် ခဏစောင့်ဦး။ ကျွန်တော် ထမင်းစားပြီးရင် ညောင်ရွှေနောင်တော်ကြီးဆီသွားမလို့ ခင်ဗျားတို့ လိုက်ခဲ့ကြ"

သထုံခွန်ကြည်ဟာ ထမင်းကို ပလုပ်ပလောင်း စားရင်း ခပ်လှမ်းလှမ်းမှာရှိတဲ့ကုလားထိုင်မှာ ထိုင်နေကြတဲ့ကျွန်တော်နဲ့ကိုတင်ကော်ကို လှမ်းစကား ပြောပါတယ်။

"မကြာခင် ပင်လုံမှာ စီးပွါးရေးဘဏ်ဖွင့်ပွဲကျင်းပဖို့ ကျွန်တော်တို့စီစဉ်နေကြတယ်။ အဲဒီကိစ္စပဲ ကျွန်တော်မိုင်းပွန်သွားပြီး ပြန်လာတာ။ မိုင်းပွန်ညီတော်နဲ့ဆွေးနွေးစီစဉ်ခဲ့တာတွေကို ညောင်ရွှေနောင်တော်ကြီးဆီ သွားအစီရင်ခံမလို့။ ခင်ဗျားတို့ ရောက်လာတာ သိပ်နေရာကျတယ်။ ကျွန်တော် ခင်ဗျားတို့နဲ့လည်း တိုင်ပင်သင့်တယ်။ ကျွန်တော်နဲ့လိုက်ခဲ့ကြပါ။ သွားရင်း လာရင်း ဆွေးနွေးတိုင်ပင်ကြတာပေါ့"

ကျွန်တော်တို့ သထုံခွန်ကြည်ရဲ့ဆလွန်းကားလေးနဲ့ညောင်ရွှေမြို့ကို သွားကြတယ်။ သထုံခွန်ကြည်က ကားပေါ်မှာ "ပင်လုံပွဲ"အကြောင်း ပြောပြပါတယ်။ နိုင်ငံရေးညီလာခံလို့ ပြောမပြပါဘူး။ "စီးပွားရေးဘဏ်ဖွင့်ပွဲ"လို့ ပြောပြပါတယ်။

စီးပွားရေးဘဏ်ဖွင့်ပွဲကို လာမယ့်ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းက နယ်ရှင်စော်ဘွားတွေ အစုံအညီ ရောက်မယ့်"မင်းစုံပွဲ"မျိုးဖြစ်ပါတယ်။ ကရင်နီနယ်ရှင်စောဖျာတွေ၊ ချင်းတောင်တန်းက တောင်အုပ်တွေ၊ ကချင်တောင်တန်းက ဒူဝါတွေလည်း လာကြမယ်လို့ဆိုပါတယ်။ ရှမ်းပြည်နယ်ဓလေ့ထုံးစံအတိုင်း ဇာတ်၊ အငြိမ့်တွေအပြင် လောင်းကစားဝိုင်းတွေနဲ့ လက်မှုပညာ စိုက်ပျိုးရေးမွေးမြူရေး ပြခန်းတွေနဲ့ပါ စည်စည်ကားကား ကျင်းပဖို့စီစဉ်ထားတယ်လို့ဆိုပါတယ်။ မြန်မာပြည်မက ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် မြန်မာခေါင်းဆောင်တွေကိုလည်း တစ်ဦးချင်း ပုဂ္ဂိုလ်အနေနဲ့ ဖိတ်ကြားမယ်လို့ ပြောပါတယ်။ မင်းပေါင်းစုံတုန်း ရှမ်းပြည်နယ်ကြီးပွားရေး၊ စီးပွားရေးနဲ့ပတ်သက်လို့ ဆွေးနွေးပွဲတွေ ဟောပြောပွဲတွေလည်း လုပ်မလို့ စီစဉ်ထားတယ်။

သထုံခွန်ကြည်ဟာ သူနဲ့မိုင်းပွန်စော်ဘွားတို့ စီစဉ်ထားတဲ့ပင်လုံပွဲအကြောင်း တတွတ်တွတ်ပြောနေပါတယ်။

"ဒါကြောင့် ခင်ဗျားတို့ လူငယ်တွေလည်း တတ်နိုင်တဲ့ဘက်က ပါဝင်ကြပါ။ ဒီအခွင့်ကောင်းကို လက်မလွှတ်ကြပါနဲ့။ ကိုတင်ရေ့ အကြံဉာဏ်၊ အကူအညီ ကျွန်တော်တို့အများဆုံးလို

E-book is created by www.shanyoma.org

ချင်တယ်။ ကိုထွန်းမြင့်လည်း ဂျပန်ပြည်အတွေ့အကြုံနဲ့ အကြံဉာဏ်ကောင်းတွေ ပေးပါဦး”

ကိုတင်အေးနေနဲ့ ဒီပင်လုံပွဲအကြောင်း ကြိုတင်သိထားသလား ကျွန်တော် မပြောတတ်ဘူး။ ကျွန်တော်တစ်ယောက်အနေနဲ့ကတော့ အခုသထုံခွန်ကြည်ပြောပြမှပဲ ပထမဦးဆုံး ကြားသိရတယ်။ သထုံခွန်ကြည်က ကျွန်တော်တို့ကို ပွဲကြော်ငြာ အရွက်ကြီးတစ်ရွက်လည်း ပေးပါတယ်။ ရှမ်းပြည်နယ်မှာ ဘုရားပွဲတော်များ ကျင်းပတဲ့အခါတိုင်း ကြော်ငြာလေ့ရှိတဲ့ကြော်ငြာစာရွက်မျိုး ဖြစ်ပါတယ်။ ဇာတ်၊ အငြိမ့်သဘင်စုံလင်စွာနဲ့ လောင်းကစားပွဲမျိုးစုံ ပါရှိတဲ့အတွက် အများသူငါ လာရောက်ပျော်ပါးကြရန် ဖိတ်ခေါ်တဲ့ကြော်ငြာမျိုး ဖြစ်ပါတယ်။

ကျွန်တော်တို့ ညောင်ရွှေအထိ သွားစရာမလိုပါ။ ညောင်ရွှေမြို့ မရောက်ခင် သုံးမိုင်ခန့် အကွာရှိတဲ့ဗောရိသတ်ဘုရား တပေါင်းပွဲတော်ကြီးကျင်းပတော့မှာမို့ ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်ဟာ မောင်းမမိဿံခြံရံပြီး ဘုရားပွဲခင်းထဲမှာ ရှိတဲ့တောင်ဟော်ပေါ်မှာ ရောက်ရှိခံစားနေပါတယ်။ သထုံခွန်ကြည်က ညောင်ရွှေစော်ဘွားကို ဦးခိုက်ပြီး စင်မြင့်ပေါ်မှာ မှီအုံးကို မှီပြီးထိုင်နေတဲ့ညောင်ရွှေစော်ဘွားအနီးမှာ သွားထိုင်ပါတယ်။ ကျွန်တော်နဲ့ကိုတင်တို့က စင်အောက်မှာ ခင်းထားတဲ့နှီးချောဖျာပေါ်မှာ ထိုင်ပါတယ်။

ညောင်ရွှေစော်ဘွားကြီးရဲ့လက်ဝဲဘက်မှာ မဟာဒေဝီစဝ်ဟိန်းခမ်း၊ တောင်အောက်သခင်မနန်းညွန့်မေ၊ စော်ဘွားကတော်မမြဝင်းတို့ အစီအရီထိုင်နေကြပါတယ်။ မမြဝင်းက နို့စို့သားငယ်လေးကို ပိုက်ထားပါတယ်။

စော်ဘွားကြီးဟာ ကတ္တီပါမှီအုံးကို မှီထားလျက်က သထုံခွန်ကြည် အစီရင်ခံသမျှကို ခေါင်းတညိတ်ညိတ် တအင်းအင်း လိုက်ရင်း နားထောင်နေပါတယ်။

မင်းမှုထမ်းတစ်ဦးက မဟာဒေဝီစဝ်ဟိန်းခမ်း လှမ်းပေးလိုက်တဲ့လက်ဖက်ရည် အကြမ်းဗန်းနဲ့သစ်ကြားသီးကြော် ပန်းကန်ကို ယူလာပြီး ကျွန်တော်နဲ့ကိုတင်ကော်ကို တည်ခင်းကျွေးမွေးပါတယ်။

အဲဒါတွေကတော့ ကျွန်တော်နဲ့သထုံခွန်ကြည် ပထမဦးဆုံးတွေ့ဆုံရပြီး ညောင်ရွှေရောက်သွားတဲ့အတွေ့အကြုံပါ။

သထုံခွန်ကြည်ကတော့ ပင်လုံပွဲကျင်းပဆဲကာလကတည်းက ကျန်းမာရေးသိပ်မကောင်း



E-book is created by www.shanyoma.org

တော့ပါ။ ကျွန်တော်တို့ သွားတွေ့တဲ့အခါ အိပ်ရာထဲက ထပြီးလာတွေ့ပါတယ်။ ကျွန်တော်တို့ပြောတာကိုပဲ နားထောင်ပါတယ်။ လေသံသဲ့သဲ့နဲ့စကားအနည်းငယ်ပဲ ပြန်ပြောနိုင်ပါတယ်။ ကျွန်တော်နဲ့နောက်ဆုံးအကြိမ် တွေ့တဲ့အခါမှာလည်း အိပ်ရာမှ ထပြီး လာတွေ့ပါတယ်။ ကျွန်တော်က ရှမ်းလူမျိုးသမိုင်းလေ့လာနေတဲ့အကြောင်း ပြောပြတော့ သထုံခွန်ကြည်က ကော့ကရိန်းရေးသားပြုစုထားတဲ့"ရှမ်းလူမျိုး"စာအုပ် ဒုတိယတွဲကို ထုတ်ပေးပါတယ်။ အဲဒီအခါဟာ သထုံခွန်ကြည်ကို ကျွန်တော်နောက်ဆုံး တွေ့မြင်ခဲ့ရခြင်းဖြစ်ပါတယ်။ ၁၉၄၇–ခုနှစ်၊ ဒုတိယပင်လုံညီလာခံကို သထုံခွန်ကြည် မတက်ရောက်နိုင်တော့ပါ။ သူ့ရဲ့ကိုယ်စား ဦးဖြူကို စေလွှတ်ခဲ့ပါတယ်။ ဒါကြောင့် 'ပင်လုံစာချုပ်'ကို လက်မှတ်ရေးထိုးကြတဲ့အခါ စော်ဘွားကိုယ်စားလှယ်ခုနစ်ဦးထဲမှာသထုံခွန်ကြည်က စော်ဘွားကိုယ်စားလှယ်တစ်ဦးအနေနဲ့ လက်မှတ်ရေးထိုးရမှာ ဖြစ်သော်လည်း မကျန်းမာတဲ့အတွက် သူ့ကိုယ်စားဦးဖြူက လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါတယ်။

သထုံခွန်ကြည်ဟာ ၁၉၄၈–ခုနှစ်မှာ ဆေးကုသခံရင်း ရန်ကုန်မြို့မှာ ကွယ်လွန်အနိစ္စရောက်သွားပါတယ်။

အကယ်၍ သထုံခွန်ကြည်ဟာ ဒုတိယပင်လုံညီလာခံကို တက်ရောက်နိုင်ခဲ့ရင် ဘုရင်ခံရဲ့အမှုဆောင်ကောင်စီ(အစိုးရအဖွဲ့)ထဲမှာ နယ်စပ်ဒေသအတိုင်ပင်ခံဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကြီးရဲ့နေရာမှာ သူပဲ ပါဝင်ဆောင်ရွက်ခဲ့မယ်လို့ ကျွန်တော်ထင်ပါတယ်။ သထုံခွန်ကြည်ဟာ သတ္တိလည်းရှိတယ်။ ဗျတ္တိလည်းရှိတယ်။ အင်္ဂလိပ်ဘာသာ အရေးရော၊ အပြောပါ အလွန်တော်တယ်။ မြန်မာဘာသာလည်း ကျွမ်းကျင်တယ်ဆိုတော့ မြန်မာပြည်ဘုရင်ခံနဲ့ဆက်ဆံဖို့အတွက်ရော၊ ဗိုလ်ချုပ်အောင်ဆန်းလို မြန်မာခေါင်းဆောင်ကြီးနဲ့ဆက်ဆံဖို့ရော ရှမ်းပြည်နယ်စော်ဘွားတွေက သထုံခွန်ကြည်ကိုပဲ တွန်းပို့မှာ သေချာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အဲဒီလို ပုဂ္ဂိုလ်မျိုးနဲ့တွဲလုပ်ဖို့ သဘောကျမှာ မလွဲပါဘူး။ ဒါ ကျွန်တော်ရဲ့အတ္တနောမတိ ဖြစ်ပါတယ်။

သထုံခွန်ကြည်ဟာ ၁၉၃၁–ခုနှစ်က ရေးသားပြုစုခဲ့တဲ့"ရှမ်းပြည်နယ်အရေးကိစ္စ"စာအုပ်လည်း မှတ်တမ်းအဖြစ် ကျန်ရှိခဲ့ပါတယ်။

မှတ်ချက်။ ။ဦးထွန်းမြင့်(တောင်ကြီး)၏ မှတ်တမ်းပြုစုထားသည်အား "စိုင်းသီဟတင့်"မှ ပေးပို့ပါတယ်။

မှတ်ချက်။ ။ဤဆောင်းပါးကို တောင်ကြီးအသင်းမှထုတ်ဝေသော ၂၀၀၀–ပြည့်နှစ်ရှမ်းပြည်နယ်မဂ္ဂဇင်း၊ စာမျက်နှာ(၃၃ မှ ၃၅ ထိ)၌လာရှိသော ဆောင်းပါးကိုပြန်လည်၍ ရိုက်နှိပ်ထားပါသည်။

E-book is created by www.shanyoma.org